
# ဆန်စပါးဆိုင်ရာအပတ်စဉ် လေ့လာသုံးသပ် တင်ပြချက်( ၁၃/၂၀၂၄ )


## (၂၀.၃.၂၀၂၄ မှ ၂၆.၃.၂၀၂၄ ထိ )

၁။ **ပြည်တွင်း၊ ပြည်ပစပါးစိုက်ပျိုးထွက်ရှိမှုအခြေအနေ။** ၂၀၂၃-၂၀၂၄ ခုနှစ်၊ မိုးစပါး စိုက်ဧက (၁၄.၉၉)သန်း အပေါ် ၁၅.၃.၂၀၂၄ ရက်နေ့ထိ ရိတ်သိမ်းဧက (၁၄.၉၆၅) သန်း၊ ပျမ်းမျှ အထွက်နှုန်း (၇၈.၃၃) တင်းဖြင့် အထွက်တင်း (၁၁၇၂.၂၆၂) သန်း ထွက်ရှိနေပြီဖြစ်ပါသည်။ ၂၀၂၃-၂၀၂၄ ခုနှစ်၊ နွေစပါး စိုက်ပျိုးရန်လျာထားဧက(၂.၅၉၃) သန်းအပေါ် ၁၅.၃.၂၀၂၄ ရက်နေ့ထိ စိုက်ပျိုးပြီးဧက (၂.၄၁၃) သန်း စိုက်ပျိုးခဲ့ပြီး ရိတ်သိမ်းဧက (၀.၃၉၅) သန်းအပေါ် ပျမ်းမျှအထွက်နှုန်း (၉၉.၀၀) တင်းဖြင့် အထွက်တင်း (၃၉.၁၂၀) သန်းထွက်ရှိနေပြီဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်၊ မတ်လ ထုတ်ပြန်သည့် USDA ၏ စာရင်းများအရ ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့ စပါးစိုက်ပျိုးမှု ၁၆၆.၁၈ ဟက်တာသန်း **(ဧက ၄၁၀.၄၆သန်း)**၊ အထွက်နှုန်းတစ်ဟက်တာ ၄.၆၃ မက်တန် **(၂၂၁.၈၂တင်း)**၊ စုစုပေါင်း အထွက် မက်တန် ၅၁၅.၃၉ သန်း **(စပါးတင်း၂၄၉၉၂.၃၃သန်း)** ဖြစ်ပါသည်။

၂။ **ပြည်တွင်း စပါး၊ ဆန်ဈေးနှုန်းအခြေအနေ။** ဧည့်မထအုပ်စုဝင် (၄၆) ပေါင်ကိုက် စပါးတင်း (၁၀၀)ဈေးနှုန်းနှင့် ဧည့်မထ၂၅% အလတ်စ (၁၀၈)ပေါင်ဝင် ဆန် (၁) အိတ် ဈေးနှုန်းများဖြစ်ပေါ်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-


| စဉ် | တိုင်း/ ပြည်နယ် | မြို့နယ် | စပါးအမျိုးအစား | စပါးတင်း(၁၀၀)/ကျပ် | | ဆန်အမျိုးအစား | ဆန်တစ်အိတ်/ကျပ် | |
|---|---|---|---|---|---|---|---|---|
| | | | | ယခင်ပတ် | ယခုအပတ် | | ယခင်ပတ် | ယခုအပတ် |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| (က) | **ရန်ကုန်တိုင်း** | သန်လျင် | ဧည့်မထ(မိုးသစ်) | ၁၉၁၀၀၀၀ | ↓ ၁၈၅၀၀၀၀ | မနောသုခ(မိုးသစ်) | ၈၂၀၀၀ | ၈၂၀၀၀ |
| (ခ) | **ဧရာဝတီတိုင်း** | ပုသိမ် | ဧည့်မထ(မိုးသစ်) | ၂၂၀၈၀၀၀ | ၂၂၀၈၀၀၀ | | ၈၆၀၀၀ | ၈၆၀၀၀ |
| (ဂ) | **ပဲခူးတိုင်း** | ပဲခူး | ဧည့်မထ(မိုးသစ်) | ၂၀၇၀၀၀၀ | ၂၀၇၀၀၀၀ | မနောသုခ(မိုးသစ်) | ၇၈၀၀၀ | ၇၈၀၀၀ |
| | | ပြည် | ဧည့်မထ(မိုးသစ်) | ၂၁၀၀၀၀၀ | ၂၁၀၀၀၀၀ | မနောသုခ(မိုးသစ်) | ၇၈၀၀၀ | ၇၈၀၀၀ |
| (ဃ) | **မန္တလေးတိုင်း** | မန္တလေး | ဧည့်မထ(မိုး) | | | ဧည့်မထ(မိုး) | ၁၀၀၀၀၀ | |
| | | | ဧည့်မထ(မိုးသစ်) | ၂၄၀၀၀၀၀ | ၂၄၀၀၀၀၀ | | ၉၀၀၀၀ | ၉၀၀၀၀ |
| | | ပျဉ်းမနား | ဧည့်မထ(မိုး) | | | ဧည့်မထ(မိုး) | ၉၈၀၀၀ | |
| | | | ဧည့်မထ(မိုးသစ်) | ၂၃၅၀၀၀၀ | ↓ ၂၂၀၀၀၀၀ | ဧည့်မထ(မိုးသစ်) | ၈၇၅၀၀ | ၈၇၅၀၀ |
| (င) | **စစ်ကိုင်းတိုင်း** | ရွှေဘို | ရေမင်း(မိုး) | | | ရေမင်း(မိုး) | ၁၆၀၀၀၀ | |
| | | | ရေမင်း(မိုးသစ်) | ၃၂၀၀၀၀၀ | ၃၂၀၀၀၀၀ | | ၁၄၀၀၀၀ | ၁၄၀၀၀၀ |
| (စ) | **ရခိုင်ပြည်နယ်** | စစ်တွေ | ဧည့်မထ(မိုး) | | | ရွှေဝါထွန်း(မိုး) | | |
| (ဆ) | **မွန်ပြည်နယ်** | မော်လမြိုင် | ဧယာ(မိုးသစ်) | ၂၅၀၀၀၀၀ | ↓ ၂၄၃၀၀၀၀ | ဧယာ(မိုးသစ်) | ၇၉၀၀၀ | ၇၉၀၀၀ |


စပါးတင်း(၁၀၀)ဈေးနှုန်းပြောင်းလဲမှု
၃၇၀၀၀၀၀
၃၂၀၀၀၀၀
၂၇၀၀၀၀၀
၂၂၀၀၀၀၀
၁၇၀၀၀၀၀
၁၂၀၀၀၀၀
၇၀၀၀၀၀
၂၀၀၀၀၀
သန်လျင်
ပုသိမ်
ပဲခူး
ပြည်
မန္တလေး
ပျဉ်းမနား
ရွှေဘို
စစ်တွေ
မော်လမြိုင်
ယခင်အပတ်
ယခုအပတ်


ညှော့မထဆန်(အလတ်စ) တစ်အိတ်ဈေးနှုန်းပြောင်းလဲမှု
၁၈၀၀၀၀
၁၆၀၀၀၀
၁၄၀၀၀၀
၁၂၀၀၀၀
၁၀၀၀၀၀
၈၀၀၀၀
၆၀၀၀၀
၄၀၀၀၀
၂၀၀၀၀
သန်လျင်
ပုသိမ်
ပဲခူး
ပြည်
မန္တလေး
ပျဉ်းမနား
ရွှေဘို
စစ်တွေ
မော်လမြိုင်
ယခင်ပတ်
ယခုအပတ်

၃။ **ပြည်တွင်း/ပြည်ပဆန်စျေးနှုန်းအခြေအနေ။** စပါး၊ ဆန် အဓိကထုတ်လုပ်တင်ပို့သော နိုင်ငံများ၏ ဆန်တစ်တန် FOB စျေးနှုန်းဖြစ်ပေါ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | နိုင်ငံ | အမျိုးအစား | စျေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၄.၃.၂၄ | ၁၁.၃.၂၄ | ၁၈.၃.၂၄ | ၂၅.၃.၂၄ |
| (က) | ထိုင်း | White Rice ၁၀၀% | ၆၃၉ | ၆၃၉ | ၆၄၄ | ↓ ၆၂၂ |
| | | White Rice ၅% | ၆၂၅ | ၆၂၅ | ၆၃၀ | ↓ ၆၀၈ |
| | | White Rice ၂၅% | ၅၉၅ | ၅၉၅ | ၅၉၉ | ↓ ၅၈၀ |
| | | Parboiled Rice ၁၀၀% | ၆၂၈ | ၆၂၈ | ၆၃၃ | ↓ ၆၁၉ |
| (ခ) | ဗီယက်နမ် | White Rice ၅% | ၆၀၄ | ၆၀၄ | ၅၈၈ | ↑ ၆၀၀ |
| | | White Rice ၂၅% | ၅၈၀ | ၅၈၀ | ၅၆၇ | ↑ ၅၇၁ |
| (ဂ) | ပါကစ္စတန် | White Rice ၅% | ၆၁၃ | ၆၁၃ | ၆၀၃ | ↑ ၆၀၇ |
| | | White Rice ၂၅% | ၅၆၈ | ၅၆၈ | ၅၆၇ | ▬ ၅၆၇ |
| (ဃ) | အိန္ဒိယ | White Rice ၂၅% | - | - | - | - |
| (င) | မြန်မာ | White Rice ၅% | ၆၁၀-၆၁၅ | ၆၁၀-၆၁၅ | ၆၁၀-၆၁၅ | ↓ ၆၀၀-၆၀၅ |
| | | White Rice ၁၀% | ၆၀၀-၆၁၀ | ၆၀၀-၆၁၀ | ၆၀၀-၆၁၀ | ↓ ၅၉၀-၆၀၀ |
| | | White Rice ၁၅% | ၅၉၀-၆၀၀ | ၅၉၀-၆၀၀ | ၅၉၀-၆၀၀ | ↓ ၅၈၀-၅၉၀ |
| | | White Rice ၂၅% | ၅၈၀-၅၉၀ | ၅၈၀-၅၉၀ | ၅၈၀-၅၉၀ | ↓ ၅၇၀-၅၈၀ |
| | | Parboiled Rice ၅% | ၆၅၀-၆၆၀ | ၆၅၀-၆၆၀ | ၆၅၀-၆၆၀ | ↓ ၆၄၀-၆၅၀ |
| | | Parboiled Rice ၁၀% | ၆၄၅-၆၅၀ | ၆၄၅-၆၅၀ | ၆၄၅-၆၅၀ | ↓ ၆၃၅-၆၄၀ |



၄။ **ဆန်လက်ကျန်အခြေအနေ။** ၂၅.၃.၂၀၂၄ နေ့ရှိ တိုင်းဒေသကြီး/ ပြည်နယ်များ၏ တင်ပြချက်စာရင်းအရ ခန့်မှန်းလက်ကျန်ဆန်တန်မှာ (၅.၀၅၀) သန်းဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်၊ မတ်လ ကမ္ဘာ့ဆန်လက်ကျန်မှာ တန်ချိန်(၁၆၉.၇၀၂) သန်းဖြစ်ပါသည်။

၅။ **ပြည်ပဆန်တင်ပို့နိုင်မှုနှင့်ပြည်ပဈေးကွက်။** ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ၁.၄.၂၀၂၃ မှ ၁၅.၃.၂၀၂၄ နေ့ထိ ဆန်တန်ချိန် (၉၃၁၂၅၄)၊ တန်ဘိုး(၅၁၈.၂၃၆) USD သန်း တင်ပို့နိုင်ခဲ့ပြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အလားတူကာလတွင် ဆန်တန်ချိန် (၁၂၅၆၂၉၅)၊ တန်ဘိုး(၄၈၇.၇၄၈) USD သန်းတင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် ဆန်တန်ချိန် (၃၂၅၀၄၀)၊ တန်ဘိုး(၃၀.၄၈၈) USD သန်း လျော့နည်းတင်ပို့ခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ ဧည့်မထ ၂၅% ဆန်တစ်တန်ပေါက်ဈေးမှာ FOB ၅၈၀ USD ဖြစ်ပြီး ပျမ်းမျှငွေလဲနှုန်း ၃၀၃၃ ကျပ်ဖြင့် တွက်ချက်ပါက FOB အရင်းဈေးနှုန်းမှာ ၅၃၆ USD ဖြစ်သဖြင့် ဧည့်မထ ၂၅ % မှာ တွက်ချက်မှုအရ တွက်ခြေကိုက်မှုရှိကြောင်းသိရှိရပါသည်။

၆။ **ခြုံငုံသုံးသပ်ချက်။** ထိုင်းနိုင်ငံတွင် ဆန်ဝယ်လိုအားပုံမှန်ရှိသော်လည်း ဆန်သစ်များထွက်ရှိနေပြီဖြစ်သည့်အပြင် ဘတ်ငွေတန်ဖိုးပါကျဆင်းလာခြင်းကြောင့် ယခုတစ်ပတ် ပို့ကုန်ဆန်ဈေးနှုန်းများ ကျဆင်းခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံတွင် အင်ဒိုနီးရှားနိုင်ငံ၏ ဆန်ဝယ်လိုအားရှိလာခြင်းကြောင့် ပို့ကုန်ဆန်ဈေးနှုန်းများ မြင့်တက်ခဲ့ပါသည်။ ပြည်တွင်းဈေးကွက်၌ ရန်ကုန်(သန်လျင်)၊ ပျဉ်းမနားနှင့် မော်လမြိုင်တို့တွင် ဈေးကွက်အဝင်ပုံမှန်ရှိသော်လည်း အရောင်းအဝယ်အေးသဖြင့် စပါးဈေးနှုန်းများ ကျဆင်းခဲ့ခြင်းဖြစ်ပါသည်။ ကျန်မြို့နယ်အချို့တွင် စပါး ၊ ဆန် ဈေးနှုန်းများဈေးငြိမ်နေပြီး အရောင်းအဝယ်ပုံမှန်ဖြစ်ကြောင်းသိရှိရပါသည်။